
**Panasonic**


# အသုံးပြုပုံလမ်းညွှန်ချက်များ

## အသားကြိတ်စက်(အိမ်သုံးပစ္စည်း)

မော်ဒယ်နံပါတ်. MK-MG1300
MK-MG1360
MK-MG1000



MK-MG1300
MK-MG1360



MK-MG1000

မြန်မာ

ပန်နာဆိုးနစ်ထုတ်ကုန်အား ဝယ်ယူအားပေးမှုအတွက်ကျေးဇူးအထူးတင်ရှိပါသည်။

- ဤပစ္စည်းထုတ်ကုန်သည်အိမ်သုံးရန်အတွက်သာလျှင်ရည်ရွယ်ပါသည်။
- အသုံးမပြုမီမှန်ကန်သောအသုံးပြုပုံလမ်းညွှန်ချက်များနှင့်အန္တရာယ်ကင်းစေရန်အတွက်ဤလမ်းညွှန်ချက်ပါအချက်များကိုကျေးဇူးပြု၍ဂရုတစိုက်ဖတ်ပေးပါ။
- အသုံးမပြုမီ "**ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်**" **များကိုသေချာစွာဖတ်ပါ။ စာမျက်နှာ(၂-၄)**
- ဤအသုံးပြုပုံလမ်းညွှန်ကိုနောင်တွင်အသုံးဝင်စေရန်သေချာစွာသိမ်းဆည်းထားပါ။

ပါဝင်သည့်အကြောင်းအရာများ


ဘေးကင်းလုံခြုံမှုအတွက်ကြိုတင်သတိပေးမှုများ .................... ၂
စက်၏အစိတ်အပိုင်းများ ................................................ ၅
အသုံးပြုပုံ ............................................................... ၆
စက်ကိုသန့်စင်ပုံ ........................................................ ၉
အသေးစိတ်အချက်အလက်များ ........................................ ၁၀

# ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ

**ကျေးဇူးပြု၍အောက်ပါညွှန်ကြားချက်များကိုလိုက်နာပါ။**

အသုံးပြုသူများမတော်တဆထိခိုက်ခြင်းနှင့်ပျက်ဆီးခြင်းတို့မှကာကွယ်ရန်ကျေးဇူးပြု၍အောက်ပါလမ်းညွှန်ချက်များကလိုက်နာပေးပါ။


■ **အောက်ပါညွှန်ပြချက်များသည်အသုံးပြုပုံမှားယွင်းမှုကြောင့်ဖြစ်ပေါ်လာမည့်ပျက်စီးဆုံးရှုံးမှုများကိုညွှန်ပြထားခြင်းဖြစ်ပါသည်။**

| | |
|---|---|
| ⚠ **အရေးကြီးသတိပေးချက် :** ပြင်းထန်သောဒဏ်ရာဒဏ်ချက်(သို့) သေဆုံးခြင်းတို့ဖြစ်နိုင်ပါသည်။ | ⚠ **သတိပေးချက် :** အနာတရဖြစ်မှုအန္တရာယ်(သို့) ပစ္စည်းပျက်စီးခြင်းတို့ကိုဖြစ်စေနိုင်သည်ဟုညွှန်ပြပါ။ |

■ **သင်္ကေတများကိုအမျိုးအစားခွဲပြီးအောက်ပါအတိုင်းရှင်းပြထားပါသည်။**

| | |
|---|---|
| 🛇 ဤသင်္ကေတသည်တားမြစ်ထားခြင်းကိုညွှန်ပြပါသည်။ | ❗ ဤသင်္ကေတသည်လိုက်နာရမည့်လိုအပ်ချက်များကိုညွှန်ပြပါသည်။ |

## ⚠ အရေးကြီးသတိပေးချက်



* ပလပ်ခေါင်း၏ပုံသဏ္ဌာန်သည် နမူနာပုံနှင့်ကွဲလွဲနိုင်ပါသည်။

- **ပါဝါကြိုး(သို့) ပါဝါပလပ်ကိုမပျက်စီးပါစေနှင့်။**
  (လျှပ်စစ်ရှော့ခ်(သို့) လျှပ်စီးပတ်လမ်းတိုကြောင့်ဖြစ်ပေါ်သောမီးလောင်ခြင်းတို့ကိုဖြစ်ပွားစေနိုင်ပါသည်)။
- **အကယ်၍ကြိုး(သို့)ပလပ်ပျက်စီးခြင်း(သို့) ပလပ်ပေါက်ထဲသို့ပလပ်ထည့်သောအခါချောင်နေလျှင်ဤစက်ကိုအသုံးမပြုပါနှင့်။**
  (အသုံးပြုပါကလျှပ်စစ်ရှော့ခ်(သို့) လျှပ်စီးပတ်လမ်းတိုဖြစ်သောကြောင့်မီးလောင်ခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။)

➡ အကယ်၍ပူးတွဲပါကြိုးပျက်စီးလျှင်ဘေးအန္တရာယ်ဖြစ်ခြင်းမှရှောင်ရှားရန်၄င်းကိုထုတ်လုပ်သူ၊၄င်း၏ဆားဗစ်စင်တာ အလားတူအရည်အချင်းပြည့်မီကျွမ်းကျင်သောသူတို့ကအစားထိုးလဲလှယ်ပေးရမည်။

- **ပါဝါပလပ်ကိုစိုစွတ်သောလက်များဖြင့်တပ်ခြင်း၊ဖြုတ်ခြင်းမပြုလုပ်ပါနှင့်။**
  (ထိုသို့ပြုလုပ်ပါကလျှပ်စစ်ဓာတ်လိုက်ခြင်းကိုဖြစ်ပေါ်စေနိုင်သည်။)
- **အသုံးပြုသောအခါစက်၏ဗို့အားသည်သင်၏အိမ်ရှိပလပ်ပေါက်၏ဗို့ အားထက်မကျော်လွန်ပါစေနှင့်။ ဤစက်နှင့်ကိုက်ညီခြင်းမရှိသောပလပ်ပေါက်ကိုအသုံးမပြုပါနှင့်။**
  (လျှပ်စစ်ရှော့ခ်(သို့)မီးလောင်ခြင်းတို့ကိုဖြစ်ပွားစေနိုင်ပါသည်။)
  - ဤစက်သို့ထောက်ပံ့သောဗို့အားနှင့်သင်၏အိမ်ရှိမီးအားနှင့်တူညီမှုရှိပါစေ။
  - တူညီသောပလပ်ပေါက်ထဲသို့အခြားသောစက်များ၏ပလပ်များထိုးခြင်းသည်လျှပ်စစ်အပူလွန်ကဲခြင်းကိုဖြစ်ပွားစေနိုင်ပါသည်။
- **ပလပ်ကိုသေချာဝင်သည်အထိထည့်ပါ။**
  (ပလပ်ပတ်လည်တွင်အပူထုတ်လုပ်နေနိုင်သောကြောင့်အပူကြောင့်ဖြစ်ပေါ်သောလျှပ်စစ်ရှော့ခ်နှင့်မီးလောင်ခြင်းတို့ကိုဖြစ်ပွားစေနိုင်ပါသည်။)
- **ပါဝါပလပ်ကိုပုံမှန်သန့်ရှင်းရေးပြုလုပ်ပါ။**
  (စိုစွတ်နေသောပါဝါပလပ်သည်အစိုဓာတ်ကြောင့်လျှပ်ကာအားနည်းမှုကိုဖြစ်ပေါ်စေနိုင်ပြီးမီးလောင်စေနိုင်ပါသည်။)

## သတိပေးချက်

- **စက်ကိုရေထဲတွင်နှစ်ခြင်း (သို့မဟုတ်) ရေဖြင့်ဖျန်းခြင်းများ မပြုပါနှင့်။**

  (၎င်းသည် လျှပ်စစ်ပတ်လမ်းတိုဖြစ်သောကြောင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့်မီးလောင်ခြင်းများဖြစ်နိုင်သည်။)

- **စက်ကိုမွှမ်းမံခြင်း (သို့မဟုတ်) ပြုပြင်ခြင်း၊ ဖြုတ်ခြင်း မပြုရ။**

  (၎င်းသည်ထိခိုက်ဒဏ်ရာရခြင်း ( သို့ ) လျှပ်စစ်ရှော့ခ် ဖြစ်ခြင်းနှင့် မီးလောင်ခြင်းများ ဖြစ်နိုင်သည်။)

  ➡ ကျေးဇူးပြု၍ဆားဗစ်စင်တာကို ခေါ်၍ပြုပြင်ပါ။

- **အပ်ကြား(သို့) လေဝင်လေထွက်ပေါက်ထဲသို့ မည်သည့်အရာဝတ္ထုမှ မထည့်ပါနှင့်။**

  (၎င်းသည် စက်ချို့ယွင်းခြင်း (သို့)လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများဖြစ်နိုင်သည်။)

  • အထူးသဖြင့် ပင်များ(သို့)ဝါယာများကဲ့သို့သော သတ္ထုနှင့်ဆိုင်သောအရာများ

- အစားအသောက်များထည့်ရာတွင်လက်ဖြင့်မထည့်ပါနှင့်။အစာတွန်းတံကိုသုံးပါ။

  (၎င်းသည် ပြင်းထန်စွာဒဏ်ရာရနိုင်ပါသည်။)

- **စက်ကိုမဖြုတ်ပါနှင့် (သို့) စက်အလုပ်လုပ်နေစဉ် အထူးသဖြင့်လက်ချောင်း၊ ဇွန်း၊ ခရင်း စသော ပစ္စည်းများစက်တွင်းမထည့်ရ။**

  (၎င်းသည် ပြင်းထန်စွာဒဏ်ရာရနိုင်ပါသည်။)

- မော်တာအလုပ်လုပ်နေစဉ် ကတော့ပြား၊ ခေါင်း (သို့) အဖုံးကိုတပ်ဆင်ခြင်း (သို့) ဖြုတ်ခြင်းတို့ကို မည်သည့်အခါမှ မပြုလုပ်ရ။

  (၎င်းသည် ပြင်းထန်စွာဒဏ်ရာရနိုင်ပါသည်။)

- **ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။**

  (၎င်းသည်မီးလောင်ခြင်း(သို့)လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများဖြစ်နိုင်ပါသည်။)

- **ပုံမှန်မဟုတ်ပဲအလုပ်လုပ်ဆောင်ခြင်း(သို့)ပျက်စီးခြင်းများတွေ့ရှိပါကအသုံးပြုခြင်းကိုချက်ချင်းရပ်လိုက်ပြီးပလပ်ကိုချွတ်ပါ။**

  (၎င်းသည်လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း(သို့)မီးလောင်ခြင်း၊မီးခိုးများ ကိုဖြစ်ပေါ်စေနိုင်ပါသည်။)

  ဥပမာ –ပုံမှန်မဟုတ်သောအလုပ်လုပ်ဆောင်ခြင်း(သို့)ပျက်စီးမှုများအတွက်

  - ပလပ်နှင့်ကြိုးသည်ပုံမှန်မဟုတ်ဘဲပူလာခြင်း
  - မီးကြိုးပျက်စီးသည် (သို့) မီးအားချို့ယွင်းမှုဖြစ်ပေါ်သည်။
  - မော်တာအိမ်ပုံသဏ္ဍာန်ပျက်သည်(သို့)ပုံမှန်မဟုတ်ဘဲပူသည်။

  ➡ ကျေးဇူးပြု၍စက်မှပလပ်ကိုချက်ချင်းချွတ်၍ဆားဗစ်စင်တာနှင့်ဆက်သွယ်၍အကြံဉာဏ် (သို့)ပြုပြင်မှုရယူပါ။

- **စက်အတွင်းသို့ကလေးငယ်များ၏ လက်ချောင်းများ (သို့) လက်များမဝင်စေရန်အထူးသတိပြုပါ။ကလေးများ၏လက်သည် အလွန်သေးငယ်သောကြောင့်စက်၏ခေါင်း(သို့) ဖြတ်တောက်သည့်အပြား၏ အပေါက်ထဲသို့ ဝင်ရောက်သွားနိုင်သောကြောင့်ဖြစ်ပါသည်။**

  (၎င်းသည် ပြင်းထန်စွာဒဏ်ရာရနိုင်ပါသည်။)

- **စက်၏ခေါင်း ၊ ဖြတ်တောက်သည့်ဓားနှင့် ဓားသွားနှင့် ဖြတ်တောက်သည့် အပြားတို့ကို ကိုင်တယ်ရာတွင် အထူးသတိထား၍ ကိုင်တွယ်ပါ။**

မြန်မာ

# ⚠ သတိပေးချက်


- **စက်ကိုအသုံးပြုစဉ်ကြည့်ရှုသူမရှိဘဲမထားပါနှင့်။**
  (၎င်းသည်လောင်ကျွမ်းခြင်း(သို့)မီးလောင်နိုင်သည်။)
  - စက်ကိုကြည့်ရှုသူမရှိသောအခါ ပါဝါပိတ်ခဲ့ပါ ။
- **အောက်ဖော်ပြနေရာများတွင်စက်ကိုအသုံးမပြုပါနှင့်။**
  - မညီမညာမျက်နှာပြင်၊အပူဒဏ်မခံနိုင်သောကော်ဇောပေါ်(သို့)စားပွဲခင်းစသည်
    (၎င်းသည်ထိခိုက်ဒဏ်ရာရခြင်း(သို့)မီးလောင်ခြင်းဖြစ်နိုင်သည်)
  - စက်ကိုရေစင်နိုင်သောနေရာ(သို့)အပူထွက်သောနေရာနှင့်နီးသောနေရာ
    (၎င်းသည်လျှပ်စစ်ရှော့ခ်(သို့)လျှပ်စီးယိုစိမ့်မှုဖြစ်နိုင်ပါသည်။


- **ပလပ်ကိုပလပ်ပေါက်မှဆွဲထုတ်ရာတွင်ပလပ်ခေါင်းမှကိုင်၍ဆွဲထုတ်ပါ။ကြိုးမှကိုင်၍ဘယ်သောအခါမှဆွဲမထုတ်ပါနှင့်။**
  (ထိုသို့မဟုတ်လျှင်လျှပ်စစ်ရှော့ခ်(သို့)လျှပ်စစ်ပတ်လမ်းးတို့ကြောင့်မီးလောင်ခြင်းဖြစ်နိုင်ပါသည်။)
- **စက်ကိုအသုံးမပြုလျှင်ပလပ်ကိုချွတ်ထားပါ။**
  (ထိုသို့မဟုတ်လျှင်လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း(သို့)လျှပ်စစ်ယိုစိမ့်မှုကြောင့်မီးလောင်ခြင်းများဖြစ်နိုင်သည်။)
- **ဆက်စပ်ပစ္စည်းများလဲလှယ်ခြင်း(သို့)ရွေ့လျားနေသောအစိတ်အပိုင်းများကိုချဉ်းကပ်ရာတွင်စက်၏ခလုတ်ကိုပိတ် ၊ထောက်ပံ့သောလျှပ်စစ်ဓာတ်အားကိုဖြတ်တောက်လိုက်ပါ။**
  (၎င်းသည်ထိခိုက်ဒဏ်ရာရနိုင်ပါသည်။)
- စက်ကိုသယ်သောအခါ မော်တာအုံကို လက်နှစ်ဖက်ဖြင့် သေချာစွာ ကိုင်တွယ်ပါ။ ကတော့ပုံအပြားမှ မကိုင်ပါနှင့်။
  (၎င်းသည်ထိခိုက်ဒဏ်ရာရနိုင်ပါသည်။)

## အရေးကြီးသတင်းအချက်အလတ်များ

- အေးခဲနေသောအသားများနှင့် အစေ့များ၊ အရိုးများကဲ့သို့သော မာကြောသောအစားအစာများကို မကြိတ်ရ။
  (ထိုအရာများသည် ညှပ်နိုင်သောကြောင့်ဖြစ်သည်။)
- **မာကြောသောအမျှင်များရှိသည့် ဂျင်းနှင့် အခြားသော ဟင်းခတ်အမွှေးအကြိုင်များကို မကြိတ်ရ။**
  (ထိုအရာများသည် အမှုန့်မဖြစ်နိုင်ပါ။)
- **စက်တွင်ညှပ်ခြင်းမဖြစ်စေရန် ဖိအားအလွန်အကျွံသုံး၍ အားဖြင့်စက်ကို အလုပ်မလုပ်ပါစေနှင့်။ဓားသွား (သို့) အစာသွင်းဝက်အူတွင် မာကျောသောဟင်းခတ်များ၏ အမျှင်များကြွင်းကျန်ပိတ်ဆို့၍ စက်အလုပ်မလုပ်သောအခါ စက်ကို ချက်ခြင်းပိတ်ပြီး သန့်ရှင်းရေးပြုလုပ်ပါ။**
  (စာမျက်နှာ ၇ တွင်ဖော်ပြထားသော “ညှပ်ခြင်း” သတိပေးချက်ကို ကြည့်ပါ။)
- **စက်တစ်ကြိမ်ဖွင့်လျှင် ၁၅ မိနစ်ထက်ကျော်လွန်၍ အသုံးမပြုပါနှင့်။**
  (၎င်းသည်စက်ချို့ယွင်းမှုဖြစ်နိုင်သည်။)
- **စက်ကိုအသုံးပြုပြီးတိုင်း သန့်ရှင်းရေးပြုလုပ်ပါ။**
  (၎င်းသည်စက်ချို့ယွင်းမှုဖြစ်နိုင်သည်။)
- စက်တွင်ပူးတွဲတပ်ဆင်နိုင်သည့် ဆက်စပ်ပစ္စည်းကို အသုံးပြုသောအခါ ဖြတ်တောက်ရာတွင် သုံးသော ဓားသွားနှင့် အပြားကို မတပ်ပါနှင့်။

# စက်၏အစိတ်အပိုင်းများ



**ဖြတ်တောက်သည့်မျက်နှာပြင်**

တပ်ဆင်ရာတွင်ဖြတ်တောက်သည့်မျက်နှာပြင်သည် စကာကွက်ပုံဖော်ပြားကို မျက်နှာမူ၍တပ်ရမည်။
ထိုသို့မတပ်လျှင် အသားများအောက်သို့ကျလာ လိမ့်မည်မဟုတ်ပါ။

Ⓚ = (က) ခလုတ်
- (က) ခလုတ်
- (ခ) မရွေ့နိုင်ချုပ်ထားသောဘုလုံး
- (ဂ) မော်တာစက်အုံ
- (ဃ) အပေါက်
- (င) အစာတွန်းတံ
- (စ) ကတော့ပုံအပြား
  (သတ္တု–MK-MG1300နှင့်
  MK-MG1360တွင်သာသုံးနိုင်သည်။)
  (ပလတ်စတစ်–MK-MG1000တွင်
  သာသုံးနိုင်သည်။)
- (ဆ) ထိပ်ခေါင်း
- (ဇ) အစာသွင်းဝက်အူ
- (ဈ) ဖြတ်တောက်ဓားသွား
- (ည)~(ဎ) ဆက်စပ်ပစ္စည်းများ
  - (ည) ဖြတ်တောက်ပုံဖော်ပြား(အနုစိတ်)
  - (ဋ) ဖြတ်တောက်ပုံဖော်ပြား(အလတ်စား)
- (ဌ) ပုံဖော်ဓားအပြား(အကြဲ)
  (MK-MG1300နှင့်MK-
  MG1360တွင်သာသုံးနိုင်သည်။)
- (ဍ) ကူးဘီးစက်၏ပစ္စည်း(က )
  (MK-MG1300နှင့်MK-
  MG1360တွင်သာသုံးနိုင်သည်။)
- (ဎ) ကူးဘီးစက်၏ပစ္စည်း(ခ)
  (MK-MG1300နှင့်MK-
  MG1360တွင်သာသုံးနိုင်သည်။)
- (ဏ) အဖုံး

စက်၏အစိတ်အပိုင်း(င)မှ(ဏ)သည်ဖြုတ်နိုင်သောအပိုင်းများဖြစ်သည်။


# အသုံးပြုပုံ

## အသားကြိတ်စက်

အသားကြိတ်စက်ကိုပထမဆုံးအသုံးမပြုမီငှင်းစက်၏ဖြုတ်၍ရသောအစိတ်အပိုင်းများအားလုံးကိုဆေးကြော၍ရသောအစိတ်အပိုင်းများအားလုံးကိုဆေးကြော၍ကောင်းစွာအခြောက်ခံပါ။(စာမျက်နှာ–၉တွင်ကြည့်ပါ။)

ပုံဖော်ဓားအပြားများကိုသံချေးတက်ခြင်းမဖြစ်စေရန်ချောဆီများကိုသုတ်ထားပါသည်။

အကယ်၍ချောဆီကိုဖယ်ရှားရန်ခက်ခဲပါကကျေးဇူးပြု၍ငှင်းချောဆီကိုများကိုအဆက်မပြတ်ကျဆင်းနေသောရေနွေးအောက်တွင်နိုင်လွန်ဘရက်ရှ်ဖြင့်သန့်စင်ဆေးကြောပေးပါ။





**(တပ်ဆင်ခြင်း)**

၁ ထိပ်ခေါင်းကိုမော်တာစက်အုံ၏အပေါက်တွင်တပ်ပါ။

● မော်တာစက် အုံ၏အပေါက်အတွင်းသို့အပြည့်ဝင်သွားစေရန်တွန်းခြင်းမပြုမီ ထိပ်ခေါင်းကိုထောင့်မှန်ကျစေရန်ချိန်ညှိပါ။


● အကယ်၍ထိပ်ခေါင်းကိုမှန်ကန်စွာတပ်ထားခြင်းမရှိပါကမော်တာစက်အုံ၏အပေါက်အတွင်းသို့တွန်းခြင်းမပြုမီမှန်ကန်သောချိန်ညှိမှုကိုရရှိနိုင်ရန်ထိပ်ခေါင်းကိုညာနှင့်ဘယ် သို့လိုအပ်သလိုအနည်းငယ်စီလှည့်ပါ။

ထိပ်ခေါင်းကိုလက်တစ်ဖက်ဖြင့်ကိုင်ပြီးလော့ခ်ချသည့်ဘုလုံးကိုတင်းကျပ်နေအောင်လက်ယာရစ်လှည့်ပါ။




၂ ပထမဆုံးထိပ်ခေါင်း၏အစွန်းတွင်အစာတွင်းဝက်အူကိုထားပါ။ထို့နောက်အစာသွင်းဝက်အူကိုထိပ်ခေါင်း၏အပေါက်ထဲသို့ဝင်သွားသည်အထိဝက်အူကိုအနည်းငယ်လှည့်ပေးပါ။

● အကယ်၍အစာသွင်းဝက်အူကိုမှန်ကန်စွာတပ်ဆင်ထားပါကထိုဝက်အူကိုမလှည့်ပါနှင့်။



၃ ပုံဖော်ဓားအပြားကိုပုံတွင်ဖော်ပြထားသည့်အတိုင်းအရှေ့ဘက်သို့မျက်နှာမူ၍ဓားသွားနှင့်အစာသွင်းဝက်အူဝင်ရိုးပေါ်တွင်ထားပါ။

● ကိရိယာများကိုနေရာချသည့်အခါဖြတ်တောက်သည့်မျက်နှာပြင်နှင့်ပုံဖော်ဓားအပြားတို့ကိုမျက်နှာချင်းဆိုင်ထားသင့်သည်။ထိုသို့မထားပါကအသားကျေညက်လိမ့်မည်မဟုတ်ပါ။




အစွန်း

၄ မော်တာစက်အုံ၏အပေါက်များထဲတွင်ဝင်ရိုးကွက်တိကျစေရန်မိမိလိုအပ်သောပုံဖော်ထားဓားအပြားကိုဖြတ်တောက်ဓားသွားပေါ်တွင်ထားပါ။

● အကယ်၍ပုံဖော်ဓားအပြားသည်အံဝင်ဂွင်ကျမဖြစ်ပါကမော်တာစက်အုံ၏အပေါက်အတွင်းရှိဝင်ရိုးပတ်လည်တွင်အသားများယိုထွက်လာနိုင်ပါသည်။

● အသားများယိုထွက်လာသောအခါမော်တာစက်အုံ၏အပေါက်အတွင်းရှိဝင်ရိုးပတ်လည်ကိုသန့်စင်ပေးပါ။




မော်တာစက်အုံ၏အပေါက်အတွင်းရှိဝင်ရိုး

၅ အစွပ်ကိုထိပ်ခေါင်းထဲသို့လက်ယာရစ်တင်းကျပ်နေအောင်လှည့်ပါ။


ကတော့ပုံအပြားကိုထိပ်ခေါင်းပေါ်တွင်တင်ပြီးနေရာချပါ။

စက်ကိုတည်ငြိမ်သောမျက်နှာပြင်တွင်ထားပါ။

● မော်တာစက်အုံ၏ဘေးဘက်နှင့်အောက်ခြေရှိလေဝင်လေထွက်အပေါက်များကိုနေရာအလွတ်ထားသင့်ပြီး ထိုအပေါက်များကိုမည်သည့်အရာမှပိတ်ဆို့ခြင်းမဖြစ်ရပါ။



### (အသားကြိတ်ခြင်း)



၆ အစားအစာများကိုကတော့ပုံအပြားအပေါက်အတွင်းသို့လွယ်ကူစွာဝင်သွားစေရန်အစားအစာများအားလုံးကို အပိုင်းအစများဖြစ်အောင်လှီးဖြတ်ပါ။
ပလပ်တပ်ပါထို့နောက်ခလုတ်ဖွင့်ပါ။

- အစာတွန်းတံကိုအသုံးပြုပါ။
  အစာတွန်းတံကိုအသုံးပြုသည့်အခါကျေးဇူးပြု၍ကတော့ပုံအပြားကိုလက်တစ်ဖက်ဖြင့်ကိုင်ပါ။
  အသုံးပြုပြီးနောက်ခလုတ်ပိတ်ပြီးပလပ်ဖြုတ်ထားပါ။

မှတ်ချက် :

- အသုံးပြုနေစဉ်အတွင်းအသားကြိတ်စက်ခေါင်းသည်အနည်းငယ်တုန်ခါနိုင်ပါသည်။သို့ရာတွင်ထိုသို့ဖြစ်ခြင်းသည်ပုံမှန်ဖြစ်ပါသည်။တုန်ခါခြင်းကိုရပ်တန့်စေရန်လော့ခ်ချသည့် ဘုလုံးကိုတင်းကျပ်သွားအောင်မလှည့်ပါနှင့်။

## ဆားကစ်ဘရိတ်ကာ အကာအကွယ်

လျှပ်စစ်အားမတန်တဆပို့လွှတ်ခြင်းကြောင့်ဆားကစ်ဘရိတ်ကာသည် မော်တာကိုအလိုလျောက်ရပ်သွားစေသောအခါအောက်ပါအဆင့်များအတိုင်းပြုလုပ်ပါ။

၁ ဆားကစ်ဘရိတ်ကာကိုပြန်လည် လည်ပတ်စေရန်ခလုတ်ပိတ်ပါ။

၂ စက်၏ထိပ်ခေါင်းအတွင်းရှိကြိတ်ထားသောအသားများကိုထုတ်၍စာမျက်နှာ၆ရှိ“အသားကြိတ်စက်”ဆိုသည့်ခေါင်းစဉ်အောက်မှ ၂ မှ ၅ အထိအဆင့်များကိုပြောင်းပြန်ပြုလုပ်၍အစိတ်အပိုင်းများကိုဖြုတ်ပြီးပလပ်ဖြုတ်ပါ။

၃ အစိတ်အပိုင်းများကိုနောက်တစ်ကြိမ်တပ်ဆင်ပြီးအသားကိုဆက်ကြိတ်ပါ။

## အစားအစာညပ်ခြင်းနှင့်ပတ်သတ်သည့်သတိပေးချက်

အရိုးများ(သို့)အခြားသောမာကြောသည့်အစားအစာများညပ်နေခြင်းကြောင့်ပုံဖော်ဓားအပြားမှအသားများထွက်မလာသောအခါထိုအသားများထွက်လာစေရန်အောက်ဖော်ပြပါအဆင့်များအတိုင်းပြုလုပ်ပါ။

၁ ခလုတ်ပိတ်ပြီးမော်တာလုံးဝရပ်သွားသည်အထိစောင့်ပါ။

၂ စက်၏ထိပ်ခေါင်းအတွင်းရှိကြိတ်ထားသောအသားများကိုထုတ်၍စာမျက်နှာ၆ရှိ“အသားကြိတ်ရန်”ဆိုသည့်ခေါင်းစဉ်အောက်မှ၂မှ၅အထိအဆင့်များကိုပြောင်းပြန်ပြုလုပ်၍အစိတ်အပိုင်းများကိုဖြုတ်ပြီးပလပ်ဖြုတ်ပါ။

၃ အစိတ်အပိုင်းများကိုနောက်တစ်ကြိမ်တပ်ဆင်ပြီးအသားကိုဆက်ကြိတ်ပါ။

# အရှေ့အလယ်ပိုင်းအစားအစာဖြစ်သည့်ထုလုံးရှည်ပုံစံအသားချောင်းပြုလုပ်ရန်(MK-MG1300,MK-MG1360 တို့နှင့်သက်ဆိုင်သည်။

–ချက်ပြုတ်နည်းလမ်းညွှန်–

(အထဲရှိအစာ)

| | |
|---|---|
| ၁၀၀ ဂရမ် | ကြိတ်ထားသောအသား |
| လက်ဖက်ရည်ဇွန်းတစ်ဇွန်းတစ်ဝက် | သံလွင်ဆီ |
| လက်ဖက်ရည်ဇွန်းတစ်ဇွန်းတစ်ဝက် | ကြက်သွန်နီ(ကောင်းစွာလှီးဖြတ်ထားသော) |
| လက်ဖက်ရည်ဇွန်း၁ပုံ၁ပုံကြက်သွန်နီ | (ဟင်းခတ်အမွှေးအကြိုင်အားလုံး) |
| လက်ဖက်ရည်ဇွန်း၂ပုံ၁ပုံ | ဆား |
| လက်ဖက်ရည်ဇွန်းတစ်ဇွန်းတစ်ဝက် | ဂျုံမှုန့် |

အသားကြိတ်စက်ဖြင့်သိုးသားကိုတစ်ကြိမ်(သို့)နှစ်ကြိမ်ကြိတ်ပါ။
ကြက်သွန်နီကိုအညိုရောင်ဖြစ်သည်အထိကြော်ပြီးနုပ်နုပ်စဉ်းစားထားသော သိုးသားများ၊ဟင်းခတ်အမွှေးအကြိုင်များ၊ဆားနှင့်ဂျုံမှုန့်တို့ကိုထည့်ပါ။

(အသားချောင်း၏အပြင်ဘက်အပိုင်း)


| | |
|---|---|
| ၄၅၀ ဂရမ် | အဆီနည်းသောအခါ |
| ၁၅၀–၂၀၀ ဂရမ် | ဂျုံမှုန့် |
| လက်ဖက်ရည်ဇွန်းတစ်ဇွန်း | ဟင်းခတ်အမွှေးအကြိုင်အားလုံး |
| အနည်းငယ် | ဇာတိပ္ဖိုလ်သီး |
| အနည်းငယ် | ငရုတ်ကောင်းအနီရောင်မှုန့် |
| အနည်းငယ် | ငရုတ်ကောင်းမှုန့် |

အသားကိုသုံးကြိမ်ကြိတ်ပြီးပန်းကန်လုံးထဲတွင်ပါဝင်ပစ္စည်းများအားလုံးကိုရောမွှေပါ။

- အသားချောင်း၏အပြင်ဘက်အပိုင်းကိုပြုလုပ်ရာတွင်အရသာကောင်းပြီးအပျော့အမာညီမျှစေရန်အသားများများနှင့်ဂျုံမှုန့်နည်းနည်းကိုအသုံးပြုပါ။


ပုံဖော်စားအပြားနှင့်ဖြတ်တောက်စားသွားကိုဖြုတ်ရန်စာမျက်နှာ ၆ ရှိ "အသားကြိတ်ရန်" ဆိုသည့်ခေါင်းစဉ်အောက်မှ ၃ မှ ၅ အထိအဆင့်များကိုပြောင်းပြန်ပြုလုပ်၍ဖြုတ်ပါ။

၁



အပေါက်များအတွင်းရှိအစွန်းများတွင်ကွက်တိကျဖြစ်စေရန်အစာသွင်းဝက်အူဝင်ရိုးပေါ်တွင်ကူးဘီဆက်စပ်ပစ္စည်း(က) နှင့် (ခ) ကိုထားပါ။


၂




အစွပ်ကိုထိပ်ခေါင်းအတွင်းသို့ဝင်သွားသည်အထိတင်းကျပ်နေအောင်လှည့်ပါ။

- အလွန်အကျွံတင်းကျပ်ခြင်းမဖြစ်ပါစေနှင့်။

၃



ကြိတ်ထားသောအသားကိုကတော့ပုံအပြားပေါ်တွင်တင်ပါ။
ပလပ်တပ်ပါ။ထို့နောက်ခလုတ်ဖွင့်ပါ။
ကတော့ပုံအပြားအပေါက်အတွင်းသို့အစားအစာများကိုထည့်သွင်း၍အစာတွန်းသံကိုအသုံးပြုပါ။
အသားချောင်း၏အပြင်ဘက်အခွံကိုထုလုံးရှည်ပုံစံဖြစ်စေရန်လက်ဖြင့်လိပ်ပါ။
အသုံးပြုပြီးနောက်ခလုတ်ပိတ်ပြီးပလပ်ဖြုတ်ပါ။



အထက်တွင်ဖော်ပြထားသည့်အတိုင်းအရှေ့အလယ်ပိုင်းအစားအစာဖြစ်သည့်ထုလုံးရှည်ပုံစံအသားချောင်းဖြစ်လာပြီဆိုပါက ထိုအသားချောင်းကိုကျက်နေအောင်ကြော်ပါ။

# စက်ကိုသန့်စင်ပုံ



စက်ကိုအစိတ်အပိုင်းများမဖြုတ်မီမော်တာကိုလုံးဝရပ်သွားကြောင်းသေချာပါစေ။ထို့နောက်ပလပ်ပေါက်မှပလပ်ကိုဖြုတ်ပါ။

**မှတ်ချက် :**

- စက်ကိုသန့်စင်ရာတွင်ဘန်ဇင်း၊တင်နာ၊အရက်၊အစွန်းချွတ်ဆေး၊အရောင်တင်မှုန့်၊သတ္တုဘရက်ရှ်တို့ကိုအသုံးမပြုပါနှင့်။စက်၏မျက်နှာပြင်ကို ပျက်စီးစေပါလိမ့်မည်။
- စက်ကိုပန်းကန်ဆေးစက်ထဲတွင်ထည့်မဆေးပါနှင့်။


## အစိတ်အပိုင်းများဖြုတ်ခြင်း

စာမျက်နှာ၆ရှိ(တပ်ဆင်ခြင်း)ဆိုသည့်ခေါင်းစဉ်အောက်မှ ၁ မှ ၅ အထိအဆင့်များကိုပြောင်းပြန်ပြုလုပ်၍အစိတ်အပိုင်းများကိုဖြုတ်ပါ။

| | |
|---|---|
|  | အစွပ်ကိုဖြုတ်ရန်ခက်ခဲပါကအစွန်းများကြားတွင်ဝက်အူလှည့်ကိုထား၍ဖြုတ်ပါ။ |
|  | ပုံဖော်ခါးအပြားကိုဖြုတ်ရန်ခက်ခဲပါကပုံတွင်ဖော်ပြထားသည့်အတိုင်းပုံဖော်ခါးအပြားနှင့်ထိပ်ခေါင်းအကြားတွင်ဝက်အူလှည့်ကိုထား၍အပေါ်သို့မတင်ပါ။ |

## သန့်စင်ခြင်း


အသားနှင့်အခြားသောအစားအစာများကိုဖယ်ထုတ်ပါ။



အစွပ်/ထိပ်ခေါင်း

(ရောနှောထားခြင်းမရှိသော)အားပျော့သည့်ပန်းကန်ဆေးဆပ်ပြာနှင့်နွေးညံ့သောရေမြှုပ်တို့ဖြင့်ဆေးကြောပြီးကောင်းစွာအခြောက်ခံပါ။

- ဆေးကြောသန့်စင်ပြီးနောက်ထိုအစိတ်အပိုင်းများကိုစိုစွတ်သည့်အတိုင်းထားပါကသံချေးတက်ခြင်းကိုဖြစ်စေနိုင်ပါသည်။



မော်တာစက်အုံ

ကောင်းစွာရေညှစ်ထားသောအဝတ်ဖြင့်သုတ်ပါ။



အစာသွင်းဝက်အူ/ဖြတ်တောက်ဓားသွား



ပုံဖော်ခါးအပြားများ




ကတော့ပုံအပြား

(ရောနှောထားခြင်းမရှိသော)အားပျော့သည့်ပန်းကန်ဆေးဆပ်ပြာနှင့်နွေးညံ့သောရေမြှုပ်တို့ဖြင့်ဆေးကြောပြီးကောင်းစွာအခြောက်ခံပါ။)

- ဆေးကြောသန့်စင်ပြီးနောက်အစိတ်အပိုင်းများကိုစိုစွတ်သည့်အတိုင်းထားပါကသံချေးတက်ခြင်းကိုဖြစ်စေနိုင်ပါသည်။

(အစာသွင်းဝက်အူ၊ဖြတ်တောက်ဓားသွားနှင့်ပုံဖော်ခါးအပြားတို့အတွက်)
ထိုပစ္စည်းများကိုဆေးကြော၍အခြောက်ခံပြီးနောက်ဟင်းရွက်ဆီအနည်းငယ်ကိုပွတ်ထားပါကထိုဟင်းရွက်ဆီသည်ပစ္စည်းများသံချေးတက်ခြင်းနှင့်၎င်းပစ္စည်းတို့ကိုသုတ်ထားသောချောဆီကိုဆက်လက်ထိန်းသိမ်းစေရန်ကူညီ၍ကာကွယ်ပေးပါလိမ့်မည်။



အစာတွန်းတံ

ကူးဘီဆက်စပ်ပစ္စည်း (က)

ကူးဘီဆက်စပ်ပစ္စည်း (ခ)

(ရောနှောထားခြင်းမရှိသော)အားပျော့သည့်ပန်းကန်ဆေးဆပ်ပြာနှင့်နွေးညံ့သောရေမြှုပ်တို့ဖြင့်ဆေးကြောပြီးကောင်းစွာအခြောက်ခံပါ။

# အသေးစိတ်အချက်အလက်များ

| | MK-MG1300,MK-MG1360 | MK-MG1000 |
|---|---|---|
| ထောက်ပံ့သောမီးအား | ၂၂၀ဗို့–၂၄၀ဗို့ ~ ၅၀/၆၀ဟတ်စ် | ၂၂၀ဗို့–၂၄၀ဗို့ ~ ၅၀/၆၀ဟတ်စ် |
| မီးအားသုံးစွဲမှု | ၂၂၀–၂၄၀၀ဝပ် | ၂၀၀–၂၂၀၀ဝပ် |
| အတိုင်းအတာများ(အမြင့်×အကျယ်×အနက်)(ခန့်မှန်းခြေ) | ၃၉၁မီလီမီတာ×၁၆၄မီလီမီတာ×၃၀၆မီလီမီတာ | ၃၉၁မီလီမီတာ×၁၆၄မီလီမီတာ×၃၀၆မီလီမီတာ |
| အလေးချိန်(ခန့်မှန်းခြေ) | ၃.၄ကီလိုဂရမ် | ၃ကီလိုဂရမ် |
| ပူးတွဲပါပစ္စည်းများ | ပုံဖော်ဓားအပြားများ၊ကူးဘီဆက်စပ်ပစ္စည်းများ | ပုံဖော်ဓားအပြား |

## မှတ်ချက်

စက်ကိုထုတ်လုပ်သည့်နေ့စွဲကိုစက်၏အောက်ခြေဘက်တွင်ရေးသားထားသောထုတ်ကုန်ပစ္စည်းနံပါတ်ဖြင့်ခွဲခြားနိုင်သည်။

ထုတ်ကုန်ပစ္စည်းနံပါတ် XXX xxx

- ဒုတိယမြောက်နှင့်တတိယမြောက်ဂဏန်းများ–လ(နံပါတ်ဖြင့်)၀၁–ဇန်နဝါရီ၊၀၂–ဖေဖော်ဝါရီ၊ ... ၁၂–ဒီဇင်ဘာ
- ပထမမြောက်ဂဏန်း–ခုနှစ်(နံပါတ်ဖြင့်ခုနှစ်၏နောက်ဆုံးဂဏန်း) ၁–၂၀၁၁၊ ၂–၂၀၁၂၊ ၃–၂၀၁၃

ဤအသုံးပြုပုံလမ်းညွှန်ချက်များတွင်အရေးကြီးသောအချက်များပါဝင်သောကြောင့်သေချာစွာဆက်လက်သိမ်းဆည်းထားသင့်သည်။

## စက်ပျက်ခြင်း(သို့)ပျက်စီးခြင်းအရေးကြုံသည့်အခါ

စက်ချွတ်ယွင်းမှုများရှိခြင်း(သို့)စက်ပြုတ်ကျခြင်း(သို့)စက်ပျက်ခြင်းစသည်တို့ဖြစ်ပေါ်ပြီးနောက်တွင်ပျက်စီးနေသောကြိုး(သို့)ပလပ်ဖြင့်မည်သည့်ပစ္စည်းကိုမှအသုံးမပြုပါနှင့်။ သင်၏စက်ကိုလျှပ်စစ်(သို့)နည်းပညာဆိုင်ရာချိန်ညှိမှု(သို့)ပြုပြင်ခြင်း(သို့)စမ်းသပ်စစ်ဆေးခြင်းတို့ပြုလုပ်လိုပါက ထိုစက်ကိုငှင်းနှင့်သက်ဆိုင်သည့်အနီးစပ်ဆုံးဆားဗစ်စင်တာသို့သွားရောက်ပို့ဆောင်ပါ။

Panasonic Manufacturing Malaysia Berhad.
No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam, Selangor Darul Ehsan, Malaysia.